# အာတိတ်ရေခဲပြင်ပေါ်မှ မြန်မာ့အောင်လံ
# "Icebreaker of Knowledge 2025" ၏ သမိုင်းဝင်မှတ်တိုင်

ဇော်ထွန်းအောင်

**ကမ္ဘာ့မြောက်ဘက်အကျဆုံးဒေသဖြစ်သော မြောက်ဝင်ရိုးစွန်း (North Pole–North Latitude 90°) သည် အလွန်အေးစက်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများစွာရှိသည့်နေရာတစ်ခုဖြစ်သည်။ ယင်းဒေသသို့ ထူးချွန်လူငယ်များသွားရောက်လေ့လာနိုင်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း "ROSATOM" နှင့် Energy of the Future အဖွဲ့တို့က "Icebreaker of Knowledge Project International Competition 2025" ကို ပူးပေါင်းကျင်းပခဲ့ပါသည်။**

အဆိုပါအစီအစဉ်သည် ၂၁ ရာစု သိပ္ပံနှင့် နည်းပညာကဏ္ဍတွင် ထူးခြားသော နိုင်ငံတကာ လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းတစ်ရပ်အဖြစ် မှတ်တမ်းဝင်ခဲ့ပါသည်။ ယင်း၏ အဓိကရည်ရွယ်ချက်မှာ ကမ္ဘာ့အအေးစက်ဆုံးဒေသ (North Pole)တွင် လူငယ်များအား ယဉ်ကျေးမှုဖလှယ်ရေး၊ အချင်းချင်း နားလည်မှုတိုးမြှင့်ရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို တွေ့ကြုံလေ့လာစေရန် ဖြစ်သည်။ ထို့အပြင် နျူကလီးယားအဏုမြူစွမ်းအင်ဆိုင်ရာ ဗဟုသုတများကို လက်တွေ့လေ့လာခွင့် ရရှိစေရန်လည်း ရည်ရွယ်သည်။

ယင်းထူးခြားသော နိုင်ငံတကာခရီးစဉ်တွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ဒဂုံမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်အေးမြသီတာနှင့် Grade (10) ကျောင်းသူ မအိမ့်သူသူခင်တို့ ရွေးချယ်ခံခဲ့ရသည်။ ၎င်းတို့နှစ်ဦးသည် မြန်မာနိုင်ငံ၏ဂုဏ်သိက္ခာကို ကိုယ်စားပြုသော မြန်မာ့ဂုဏ်ဆောင် သိပ္ပံသံတမန်များအဖြစ် တက်ရောက်ခွင့်ရရှိခဲ့သည်။

ဤနိုင်ငံတကာခရီးစဉ်တွင် မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၂၀ မှ ထူးချွန်ကျောင်းသားလူငယ်များနှင့် သိပ္ပံပညာရှင်များ စုစုပေါင်း ၆၆ ဦး ပါဝင်ခဲ့သည်။ ၎င်းတို့သည် နျူကလီးယားစွမ်းအင်သုံး အဏုမြူရေခဲခွဲသင်္ဘောကြီးပေါ်တွင် မိမိတို့နိုင်ငံ၏အလံများကို ဂုဏ်ယူဝင့်ကြွားစွာ လွှင့်ထူခွင့်ရရှိခဲ့ကြပါသည်။ အဆိုပါခရီးစဉ်က လူငယ်များအတွက် ခေတ်မီသိပ္ပံနှင့် နည်းပညာဆိုင်ရာ အတွေ့အကြုံသစ်များကိုရရှိစေခဲ့သည်။ ထို့အပြင် အာကာသသိပ္ပံနှင့် အဏုမြူနည်းပညာဆိုင်ရာ ဗဟုသုတများကိုလည်း လက်တွေ့လေ့လာခွင့်ရရှိခဲ့သည်။ နိုင်ငံအသီးသီးမှ လူငယ်များအကြား ချစ်ကြည်ရင်းနှီးမှု၊ အတွေ့အကြုံဖလှယ်မှုနှင့် အပြန်အလှန်နားလည်မှုများကိုလည်း တိုးမြင့်စေခဲ့ပါသည်။

ဤနိုင်ငံတကာခရီးစဉ်၏ ထူးခြားသော လှုပ်ရှားမှုများ၊ အတွေ့အကြုံများနှင့် အနှစ်သာရများကို စာဖတ်သူပြည်သူများနှင့် လူငယ်လူရွယ်များ ပိုမိုနားလည်သဘောပေါက်စေရန် ရည်ရွယ်၍ တင်ပြခြင်းဖြစ်ပါသည်။

> **မြန်မာနိုင်ငံကိုယ်စားပြု ကျောင်းသူ မအိမ့်သူသူခင်သည် ကမ္ဘာ့မြောက်ဘက်အကျဆုံး မြောက်ဝင်ရိုးစွန်း (North Latitude 90°)တွင် မြန်မာနိုင်ငံတော်အလံကို ဂုဏ်ယူဝင့်ကြွားစွာ လွှင့်ထူနိုင်ခဲ့ပါသည်။ ယင်းသည် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို နိုင်ငံတကာစင်မြင့်ပေါ်တွင် မြှင့်တင်ပေးနိုင်ခဲ့သည့် မှတ်တမ်းကောင်းတစ်ရပ်ဖြစ်သလို မြန်မာလူငယ်များ၏ အရည်အချင်းနှင့် အလားအလာကို ကမ္ဘာသို့ပြသနိုင်ခဲ့သည့် ဂုဏ်ယူဖွယ် အောင်မြင်မှုတစ်ခုလည်းဖြစ်**

### ရန်ကုန်မှ မော်စကိုသို့ ခရီးစတင်ခြင်းနှင့် ဝန်ကြီးဌာနများ၏ ပူးပေါင်းပံ့ပိုးမှု

မြန်မာနိုင်ငံကိုယ်စားပြု ထူးချွန်ဆရာမနှင့် ကျောင်းသူတို့သည် ၂၀၂၅ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စတင်ထွက်ခွာခဲ့ကြပြီး စင်ကာပူနိုင်ငံရှိ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ယူအေအီးနိုင်ငံရှိ ဒူဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်တို့ကိုဖြတ်သန်းကာ ချိတ်ဆက်လေကြောင်းခရီးစဉ်များဖြင့် ခရီးဆက်ခဲ့ကြသည်။ ထို့နောက် ၂၀၂၅ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ မြို့တော် မော်စကိုသို့ ရောက်ရှိခဲ့သည်။

မော်စကိုမြို့သို့ရောက်ရှိပြီးနောက် ခရီးစဉ်စတင်မည့် မြောက်ဘက်ရေခဲဒေသရှိ Murmansk မြို့သို့ ပြည်တွင်းလေကြောင်းခရီးစဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ကြသည်။ Murmansk မြို့သို့ ရောက်ရှိချိန်တွင် နိုင်ငံအသီးသီးမှ အဖွဲ့ခေါင်းဆောင်များ (Team Leaders)နှင့် တွေ့ဆုံခဲ့ကြပြီး ခရီးစဉ်အတွက် လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ကြသည်။

### "50 Let Pobedy" အဏုမြူရေခဲခွဲသင်္ဘောကြီးပေါ်မှ သိပ္ပံကမ္ဘာသစ် အတွေ့အကြုံများ

၂၀၂၅ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့ နံနက်ပိုင်းတွင် နိုင်ငံအသီးသီးမှ ထူးချွန်ကျောင်းသားလူငယ်များသည် ရုရှားနိုင်ငံ၏ အဓိကနျူကလီးယားဗဟိုချက်တစ်ခုဖြစ်သော Atomflot Nuclear Facility သို့ သွားရောက်လေ့လာခဲ့သည်။ ထို့နောက် ကမ္ဘာ့အဆင့်မြင့် နျူကလီးယားစွမ်းအင်သုံး အဏုမြူရေခဲခွဲသင်္ဘောကြီးဖြစ်သည့် "50 Let Pobedy" ပေါ်သို့တက်ရောက်ခဲ့ကြပါသည်။ ယင်းမှတစ်ဆင့် အာတိတ်သမုဒ္ဒရာ ရေခဲကမ္ဘာသို့ ဦးတည်သော သမိုင်းဝင်ခရီးစဉ်ကို စတင်ခဲ့ပါသည်။

အဆိုပါခရီးစဉ်တွင် မြန်မာ၊ အာမေနီးယား၊ ဘင်္ဂလားဒေ့ရှ်၊ ဘယ်လာရုစ်၊ ဘိုလီးဗီးယား၊ ဘရာဇီး၊ တရုတ်၊ အီဂျစ်၊ ဂါနာ၊ ဟန်ဂေရီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ကာဇက်စတန်၊ ကာဂျစ္စတန်၊ မွန်ဂိုလီးယား၊ နမီးဘီးယား၊ တောင်အာဖရိက၊ တူကီယဲ၊ ဥဇဘက်ကစ္စတန်နှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ် ထူးချွန်ကျောင်းသားလူငယ် ၂၀ ပါဝင်ခဲ့သည်။ ထို့အပြင် ရုရှားနိုင်ငံမှ ထူးချွန်ကျောင်းသား ၄၆ ဦးလည်း ပူးပေါင်းပါဝင်ခဲ့ပါသည်။ စုစုပေါင်း ထူးချွန်ကျောင်းသားလူငယ် ၆၆ ဦးက အဆိုပါ နိုင်ငံတကာသိပ္ပံခရီးစဉ်တွင် လေ့လာခွင့်ရရှိခဲ့ကြပါသည်။

သင်္ဘောကြီးပေါ်တွင် နိုင်ငံတကာမှ အဆင့်မြင့် အဏုမြူပညာရှင်များနှင့် အင်ဂျင်နီယာများက အထူးဟောပြောပွဲများ ပြုလုပ်ခဲ့သည်။ ၎င်းတို့က နျူကလီးယားနည်းပညာ၊ ရူပဗေဒနှင့် ဓာတုဗေဒဆိုင်ရာ အခြေခံသဘောတရားများနှင့် အာတိတ်ဒေသ၏ ဂေဟစနစ်ဖွဲ့စည်းပုံနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းဆွေးနွေးမျှဝေပေးခဲ့ကြသည်။

ခရီးစဉ်အတွင်း ကျောင်းသားလူငယ်များသည် မိမိတို့နိုင်ငံ၏ အမျိုးသားအလံများကို ဂုဏ်ယူဝင့်ကြွားစွာလွှင့်ထူခဲ့ပါသည်။ နိုင်ငံအသီးသီးမှ လူငယ်များနှင့် အပြန်အလှန်တွေ့ဆုံမေးမြန်းခြင်းနှင့် အတွေ့အကြုံ ဖလှယ်ခြင်းများကိုလည်း ဆောင်ရွက်ခဲ့သည်။ အုပ်စုလိုက် သိပ္ပံစမ်းသပ်မှုများ (Scientific Experiments) ကို လက်တွေ့ဆောင်ရွက်ခွင့်ရရှိခဲ့ကြသည်။ ယင်းလုပ်ငန်းစဉ်များမှတစ်ဆင့် သိပ္ပံနည်းကျတွေးခေါ်နိုင်မှုနှင့် အဖွဲ့လိုက်ပူးပေါင်းဆောင်ရွက်နိုင်မှုစွမ်းရည်များကို မြှင့်တင်နိုင်ခဲ့ကြသည်။ အဆိုပါအစီအစဉ်များအပြင် "50 Let Pobedy" ရေခဲခွဲသင်္ဘောကြီး၏ သမိုင်းကြောင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် အာတိတ်ဒေသ စူးစမ်းလေ့လာရေးဆိုင်ရာ အခန်းကဏ္ဍများကိုလည်း စိတ်ဝင်စားဖွယ် လေ့လာသင်ယူခွင့် ရရှိခဲ့ကြသည်။




### မြောက်ဝင်ရိုးစွန်းသို့ ရောက်ရှိခြင်းနှင့် "Icebreaker of Knowledge 2025" အောင်မြင်မှု

ခရီးစဉ်၏ အထွတ်အထိပ်အောင်မြင်မှုကို ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့တွင် ရရှိခဲ့ပါသည်။ နျူကလီးယားစွမ်းအင်သုံး အဏုမြူရေခဲခွဲသင်္ဘောကြီးသည် အာတိတ်သမုဒ္ဒရာ၏ ထူထပ်သောရေခဲပြင်များနှင့် သဘာဝစိန်ခေါ်မှုများကိုဖြတ်ကျော်ကာ ကမ္ဘာ့မြောက်ဘက် အကျဆုံးနေရာဖြစ်သည့် မြောက်ဝင်ရိုးစွန်းသို့ အောင်မြင်စွာရောက်ရှိခဲ့ပါသည်။ ယင်းသည် ခရီးစဉ်တွင်ပါဝင်ခဲ့ကြသော လူငယ်များအတွက် မမေ့နိုင်သော သမိုင်းဝင်အခိုက်အတန့်တစ်ခုဖြစ်ခဲ့ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးမှ ထူးချွန်ကျောင်းသားလူငယ်များသည် အာတိတ်ရေခဲပြင်ပေါ်တွင် စုဝေးတွေ့ဆုံခဲ့ကြသည်။ ၎င်းတို့သည် စည်းလုံးညီညွတ်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို ဖော်ဆောင်လျက် "Icebreaker of Knowledge 2025 Expedition" Closing Ceremony ပိတ်ပွဲ အခမ်းအနားကို ကျင်းပခဲ့ကြပါသည်။

အခမ်းအနားတွင် တာဝန်ရှိသူများက လူငယ်များ၏ ကြိုးစားအားထုတ်မှုနှင့် အောင်မြင်မှုများကို ဂုဏ်ပြုချီးကျူးခဲ့ကြသည်။ ထို့အပြင် ကမ္ဘာ့စိန်ခေါ်မှုများကို ရင်ဆိုင်ဖြတ်ကျော်နိုင်မည့် အနာဂတ်ခေါင်းဆောင်များအဖြစ် ဆက်လက်ကြိုးပမ်းကြရန် အားပေးစကားများပြောကြားခဲ့ပြီး ခရီးစဉ်တွင် အောင်မြင်စွာ ပါဝင်ဆောင်ရွက်ခဲ့ကြသော လူငယ်များအား အောင်လက်မှတ်များကို စနစ်တကျ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဤအောင်မြင်မှုသည် မြန်မာနိုင်ငံမှ ပါဝင်ခဲ့သော ကျောင်းသားလူငယ်အတွက်လည်း အထူးဂုဏ်ယူဖွယ်မှတ်တမ်းတစ်ရပ် ဖြစ်ပါသည်။ ၎င်း၏ အရည်အသွေး၊ စွမ်းဆောင်ရည်နှင့် နိုင်ငံတကာအဆင့် ယှဉ်ပြိုင်နိုင်စွမ်းကို ကမ္ဘာ့စင်မြင့်ပေါ်တွင် သာမက ကမ္ဘာ့မြောက်ဘက်အကျဆုံးဒေသအထိ သက်သေပြနိုင်ခဲ့ပါသည်။ ထို့ကြောင့် "Icebreaker of Knowledge 2025" ခရီးစဉ်သည် မြန်မာမျိုးဆက်သစ်လူငယ်တစ်ဦး၏ အရည်အချင်းနှင့် အလားအလာကို နိုင်ငံတကာအသိုက်အဝန်းသို့ ပြသနိုင်ခဲ့သည့် ဂုဏ်ယူဖွယ် အောင်မြင်မှုမှတ်တိုင်တစ်ခုအဖြစ် မှတ်တမ်းဝင်ခဲ့ပါသည်။

### မော်စကိုမြို့ရှိ အဏုမြူပြတိုက်နှင့် သမိုင်းဝင်နေရာများသို့ လေ့လာခြင်း

မြောက်ဝင်ရိုးစွန်းခရီးစဉ်ကို အောင်မြင်စွာ ပြီးဆုံးပြီးနောက် မော်စကိုမြို့သို့ ပြန်လည်ရောက်ရှိကာ ဩဂုတ်လ ၂၃ ရက်နေ့တွင် ရုရှားနိုင်ငံ၏ အဆင့်မြင့်နည်းပညာလေ့လာရေးဗဟိုဌာနတစ်ခုဖြစ်သော Atom Museum သို့ သွားရောက်လေ့လာခဲ့ကြသည်။ အဆိုပါပြတိုက်တွင် အဏုမြူစွမ်းအင်နှင့် နျူကလီးယားနည်းပညာဆိုင်ရာ ပြခန်းများကို စနစ်တကျ လေ့လာခွင့်ရရှိခဲ့သည်။ ခေတ်မီအဏုမြူရေခဲခွဲသင်္ဘောများ၏ မော်ဒယ်လ်များကိုလည်း အနီးကပ် ကြည့်ရှုလေ့လာနိုင်ခဲ့ကြသည်။ ထို့အပြင် အဏုမြူစွမ်းအင်ထုတ်လုပ်ပုံနှင့် လည်ပတ်ပုံစနစ်များကို လေ့လာခဲ့ကြပါသည်။ နျူကလီးယားဓာတ်ပေါင်းဖိုပုံစံများ၊ အထူးသဖြင့် Water Pressurized Reactor စနစ်များအကြောင်းကိုလည်း အသေးစိတ်သိရှိခွင့်ရရှိခဲ့ကြပါသည်။

ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းအင်စီးပွားရေးဆိုင်ရာပြခန်းများကို လေ့လာခဲ့ကြပြီး ယင်းလေ့လာမှုများမှတစ်ဆင့် နည်းပညာဆိုင်ရာဗဟုသုတများနှင့် အဖိုးတန်လေ့လာရေးမှတ်တမ်းများကို စုဆောင်းနိုင်ခဲ့ကြပါသည်။ ထို့အပြင် မော်စကိုမြို့ရှိ ကမ္ဘာကျော်သမိုင်းဝင်နေရာ Red Square၊ State Historical Museum နှင့် Eternal Flame အထိမ်းအမှတ်နေရာတို့ကို သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။ **စာမျက်နှာ ၁၅ သို့** ◆

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**ပဲခူးမြို့**
**(အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာခေါ်ယူခြင်း)**

၁။ ၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ်အတွင်း ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပြည်ထောင်စုငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ပဲခူးမြို့နယ်၊ ဘုရားကြီးအိတ်ချိန်း မြေနေရာ ပြုပြင်ခြင်းနှင့်အဆောက်အဦဆောက်လုပ်ခြင်း၊ ထရန်စဖော်မာ(၁)လုံး တည်ဆောက်ခြင်း၊ အုတ်ခြံစည်းရိုးကာရံခြင်း၊ သံပန်းဂိတ်တံခါးတပ်ဆင်ခြင်း၊ စက်မှုအဆောက်အဦဝင်း မြောင်းကူးနှင့် အဝင်လမ်းခင်းခြင်း၊ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ခြင်းများအတွက် ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်နိုင်ရန် အလို့ငှာ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာ တင်သွင်းရန် တင်ဒါခေါ်ယူအပ်ပါသည်-

၂။ အိတ်ဖွင့်တင်ဒါ အဆိုပြုလျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း အောက်ပါအတိုင်း လာရောက်ဝယ်ယူနိုင်ပါသည်-

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ( ၉ - ၆ - ၂၀၂၆ ) ရက် နံနက်(၀၉:၃၀)နာရီမှ ညနေ(၁၆:၃၀)နာရီ (ရုံးချိန်အတွင်း)
(ခ) တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက် - ( ၇-၇-၂၀၂၆) ရက် ညနေ(၁၆:၃၀)နာရီ
(ဂ) တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက် - (၁၀-၇-၂၀၂၆) ရက် ညနေ(၁၆:၃၀)နာရီ
(ဃ) တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ - တိုင်းဒေသကြီး မန်နေဂျာရုံး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပဲခူးမြို့
(င) တင်ဒါဖွင့်လှစ်မည့်ရက် - (ထပ်မံအသိပေးအကြောင်းကြားသွားပါမည်၊)

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပဲခူးမြို့၊ တိုင်းဒေသကြီးမန်နေဂျာရုံး၊ တယ်လီဖုန်းနံပါတ်၊ ၀၉-၂၀၉၉၆၃၆၊ ၀၉-၄၂၃၀၀၅၀၅၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

**"ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၃၂-ရပ်ကွက်၊ အမှတ်(၁၁၆)ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ) အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အမှတ်(၁၁၇)နှင့် ကပ်လျက်အခြမ်း အကျယ်အဝန်း (၂၀ x ၆၀) ပေရှိ ပါမစ်မူရင်း အိမ်ခြံမြေနှင့်ပတ်သက်၍ အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာချက်"**

အထက်ဖော်ပြပါ လိပ်စာရှိ မြေကွက်သည် ဒေါ်ခင်သန်း (Tvy ၀၁၇၀၉၇) အမည်ဖြင့် တည်ရှိပြီး ဒေါ်နွယ်ငြိမ်းဦး [၉/မခန(နိုင်)၁၉၄၂၉၉]မှ တရားဝင်ပိုင်ဆိုင် အကျိုးခံစားလျက် ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီရိတင်အောင် [၁၂/ဥကတ(နိုင်)၁၂၉၇၆၆]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီရိတင်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဝါဝါလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၈၉)**
**အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ ၁၆-ရပ်ကွက်၊လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၅၂၄၂၄၈၂၂**

---

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံးတော်**
**၂၀၂၆ - ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၁**

| | | |
|---|---|---|
| ဒေါ်ယဉ်လဲ့မေ | နှင့် | ဦးခင်မောင်သန်း |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ ဦးဖိုးလမ်း၊ အမှတ်(၂၄)နေ ဦးကြည်လွင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ယဉ်လဲ့မေက **"ပဋိညာဉ်အတိုင်းအိမ်နှင့်မြေ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု"** လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့် ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဇွန်လ (၁၈) ရက် (၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက်) မွန်းမတည့်မီ (၁၁:၀၀)နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ (၅) ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ထင်လင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး**

---

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၃၊မြေကွက်အမှတ်-၆၄/ခ၊ဧရိယာ(၁၂၀၀)စ/ပေ၊မြေကွက်တည်နေရာအမှတ်-၆၄/ခ၊အနော်မာ(၂)လမ်း၊(၁၃)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ဦးခင်ဦး(၁၂/ဥကတ(နိုင်)၀၅၉၀၃၄)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်-ဦးခင်ဦးမြေကွက်အားဦးခင်ဦး(ခင်ပွန်း)ကွယ်လွန်သဖြင့်ဒေါ်ရင်လှိုင်(၁၂/ဥကတ(နိုင်)၀၅၉၁၄၀)မှတစ်ဦးတည်းသောဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာအမှတ်၁၆၇၇/၂၀၂၆(၃၀-၁-၂၀၂၆)၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ဂရန်၊နိုင်ကတ်၊သေစာရင်း၊အိမ်ထောင်စုစာရင်း၊ဝန်ဆောင်ခတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---




---

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၄၄၊ မြေကွက်အမှတ် -၁၇၂၊ အကျယ် ( ၄၀x၆၀)ပေအနက် တရားဝင်မခွဲစိတ်ရသေးသော မြေ၏ခေါင်းရင်းခြမ်း (မြေကွက်အမှတ်-၁၇၁နှင့်ကပ်လျက်အခြမ်း) (ပါမစ်မူရင်းခြမ်း) အကျယ် (၂၀' x ၆၀')၊ မြေအမျိုးအစား - ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် (၁၇၂)၊ ကျောက်စိမ်း (၄) လမ်း၊ ၄၄-ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးလှအေး (S/OKA-၀၁၄၉၅၃) အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးအောင်မျိုးပိုင် [၁၂/ဗဟန (နိုင်) ၀၁၆၄၁၆] က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက် အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးမျိုးမင်းဟိန်း** | **ဦးဟိန်းစိုး** |
| **အထက်တန်းရှေ့နေ (စဉ် - ၅၆၁၃၉)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၄)** |

**အမှတ် (၃၃/၄၉)၊ Strand Condo, အခန်းအမှတ်-၄၀၂၊ (၄-လွှာ)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ (၂) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

---

**အများသိစေရန် အသိပေးကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၀) ရပ်ကွက်၊ မြို့မလမ်း၊ မြေကွက်အမှတ် (၁၃၇၇-ခ)နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းရီ [၁၂/တမန(နိုင်)၁၀၄၄၆၇]သည် အကျယ်အဝန်း (ပေ၂၀x ပေ၆၀)ရှိသော ယင်းမြေကွက်အား မြေအမည်ပေါက်ဖြစ်သူ ဒေါ်သန်း (CJ- ၀၃၄၀၆၆) ထံမှ (၁-၁-၁၉၉၁) ရက်နေ့တွင် စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယနေ့တိုင် လက်ဝယ်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိရာ အဆိုပါမြေကွက်မှာ ဒေါ်စန်းစန်းရီ [၁၂/တမန(နိုင်)၁၀၄၄၆၇] တစ်ဦးတည်း ပိုင်ဆိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းရီ ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ညွှန့်ဟေမာသိန်း LL.B, DL-101 (WIPO, Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၁၉၀)**
**အမှတ် (၁၄)၊ (၆)လွှာ၊ အောင်မင်္ဂလာလမ်း၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**PH:-09- 267 211 563, 09- 798 052 964**

---

**ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၁၆) ဟုခေါ်တွင်သည့် (၂)ခန်းတွဲ(၆)ထပ်တိုက်၏ ၄လွှာ(အေ) ခေါင်းရင်းခန်း၊ အကျယ်အဝန်း(၁၂ ½ x၅၅)ပေရှိအခန်းကို အရောင်းအဝယ်ပြုလုပ်မည်ဖြစ်၍ ကန့်ကွက်နိုင်ကြောင်း**
**အများသိစေရန်ကြေညာခြင်း**

အဆိုပါတိုက်ခန်းကို တရားဝင် လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးဌေးလှိုင်ဝင်း[၁၂/အလန(နိုင်)၀၀၀၅၈၂] +ဒေါ်ကျော့မေခိုင်[၁၂/မရက(နိုင်)၀၄၀၈၇၅]တို့ထံမှ ဒေါ်အုံးရီ[၁၂/ကမန(နိုင်)၀၀၇၄၂၄]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုမူရင်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အုံးရီ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ထိုက်ထိုက်စိုး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၃၆၃၈)**
**အမှတ်(၁၁၁)၊ ပန်းလှိုင်(၃)လမ်း၊ ဟုမ်းလမ်းဘူတာရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၈၇၈၄၉**

---

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ဥတ္တရသီရိမြို့၊ သဲကျွန်းကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၂/သဲကျွန်းအနောက်ရပ်)၊ မြေဧရိယာ(၀.၀၈၂)ဧက၊ မြေကွက်အမှတ် (ဥသ-၃၀၂၁)၊ ဒေါ်ခင်မာညို [၉/ပမန (နိုင်) ၁၈၆၈၀၅] (ဘ) ဦးနောက်တိုး အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်ခင်မာညို [၉/ပမန(နိုင်) ၁၈၆၈၀၅] (ဘ) ဦးနောက်တိုးမှဒေါ်နီနီသွယ် [၉/ပမန (နိုင်)၁၆၀၀၃၃]၊ (ဘ)ဦးဘဝင်း အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

**မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း**
**၂၀၂၆-၂၀၂၈ ခုနှစ် အလုပ်အမှုဆောင်သက်တမ်းအတွက်**
**ရွေးချယ်တင်မြှောက်ပွဲကျင်းပပြုလုပ်မည်ဖြစ်ကြောင်းအကြောင်းကြားခြင်း**
**(အသင်းသူ/ အသင်းသားများ သိသာပါရန်)**

မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ ၂၀၂၆ခုနှစ် မှ ၂၀၂၈ခုနှစ် အထိ (၂)နှစ်သက်တမ်းအတွက် တာဝန်ယူဆောင်ရွက်မည့် ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၂)ရက် (တနင်္ဂနွေနေ့) တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ (ကျင်းပပြုလုပ်မည့် အချိန်နှင့်နေရာအား အသင်းရုံးရှိ ကြော်ငြာသင်ပုန်းတွင် ကပ်ထားပေးမည်ဖြစ်ပါသည်။)

အလုပ်အမှုဆောင်အဖြစ် ဆန္ဒပြုလိုသူများနှင့် မဲဆန္ဒပေးလိုသော အသင်းဝင်များသည် သတ်မှတ်ချက် စည်းမျဉ်းစည်းကမ်းများကို အသင်း၏ ကြော်ငြာသင်ပုန်းတွင် လာရောက်ကြည့်ရှုနိုင်ပြီး အသင်းရုံးခန်းတွင် ၂၀၂၆ခုနှစ်၊ ဇူလိုင်လ (၁၇)ရက် (သောကြာနေ့)၊ ညနေ (၄:၀၀)နာရီ နောက်ဆုံးထား၍ အဆိုပြုလွှာများ တင်သွင်းနိုင်ပါသည်။

အဆိုပါ ဗဟိုအလုပ်အမှုဆောင်နှင့်အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲကို အသင်းဝင်များ တက်ရောက်ကြပါရန်လည်း လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**(ရွေးကောက်ပွဲဖြစ်မြောက်ရေးကော်မတီ)**
**မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း**

---

**အမည်မှန်**

(ဘ)ဦးမြင့်ဝင်း၏ သမီး မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ် MIA-2 ကိုယ်ပိုင် အထက်တန်းကျောင်း G-(10)မှ မစုမြတ်လှိုင်၏ အမည်မှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ မဆုမြတ်လှိုင်ဖြစ်ပါကြောင်း။

**မဆုမြတ်လှိုင်**
**[၈/ ဂဂန(နိုင်) ၁၄၄၆၁၄]**

---

**မိခင်အမည်မှန်**

နောင်ချိုမြို့နယ်၊ အမက-နောင်လင်(၁) Grade-4 မှ မအိဇာမွန်၏ မိခင်အမည်မှန်မှာ ဒေါ်မိုးမိုးအောင် [၁၃/နခတ (နိုင်)၁၀၂၂၂၁]ဖြစ်ပါကြောင်း။

**ဒေါ်မိုးမိုးအောင်**

---

**အမည်မှန်**

(ဘ)ဦးဌေးဦး၏သား မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ် MIA-2 ကိုယ်ပိုင်အထက်တန်း ကျောင်း G(6)မှ မောင်သွင်ဘုန်းသန့်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ မောင်သွင်ထက်ကျော် ဖြစ်ပါကြောင်း။

**မောင်သွင်ဘုန်းသန့်**

---

**ပျောက်ဆုံးကြောင်း**

(ဘ) ဦးစန်းကြိုင်၏ သား ကျွန်တော်ချစ်ကိုနိုင် [၁၂/ခရန (နိုင်)၁၆၀၆၉၃]၏ နိုင်ငံကူးလက်မှတ်အမှတ်(MH-735394) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-668606195**

---

**ဖခင်အမည်မှန်**

နောင်ချိုမြို့၊ အထက-၁ မှ Grade-12 တက်ရောက်မည့် မအိမွန်အောင်၏ ဖခင်အမည်မှန်မှာ ဦးတင်ဦး [၁၃/နခတ(နိုင်)၀၆၀၅၅၇]ဖြစ်ပါကြောင်း။

**ဦးတင်ဦး**

---

**ဖခင်အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ မာကျူရီကိုယ်ပိုင် အထက်တန်းကျောင်း Grade-11 တွင် ပညာသင်ကြားနေသော မောင်ဖြိုးလင်းမောင်၏ ဖခင်အမည်မှန်မှာ ဦးဆန်းကျော်ဦး[၁၂/ကခက(နိုင်)၀၆၂၅၁၉] ဖြစ်ပါကြောင်း။

**ဦးဆန်းကျော်ဦး**

---

**ပတ်စ်ပို့ပျောက်**

(ဘ) ဦးလှမျိုးသန့်၏ သား မောင်ဖြိုးပိုင် [၁၂/သခန(နိုင်) ၁၅၄၄၇၉]၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-691842189,**
**09-681900685**

---

**ဖခင်အမည်မှန်**

နောင်ချိုမြို့နယ်၊ သရက်ချို-အမကမှ Grade-5 အောင်မြင်ခဲ့သော မဖြိုးဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးညီညီအောင် [၁၃/နခတ(နိုင်)၁၀၉၆၀၄] ဖြစ်ပါကြောင်း။

**ဦးညီညီအောင်**

---

**ဖခင်အမည်မှန်**

ကျောက်မဲမြို့၊ အထက (၁) ကျောင်း၊ Grade-5(A) မှ မသီတာထွန်း၏ ဖခင်အမည်မှန်မှာ ဦးစိုင်းအိုက်အောင်(ခ)ဦးစိုင်းအောင် [၁၃/ကမန(နိုင်) ၀၆၀၇၈၂] ဖြစ်ပါကြောင်း။

**ဦးစိုင်းအိုက်အောင်(ခ)**
**ဦးစိုင်းအောင်**

---

**"ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့ နယ်၊ မြေတိုင်းရပ်ကွက် ၅၃၂/စီ၁၊ မြေကွက်အမှတ်(၂/၁၃၃)၊ ကာယ(၅)လမ်း၊ ကာယရပ်ကွက်၊ အကျယ်အဝန်း (အလျား ၉၇/၁၀၂ x အနံ ၉၉/၁၁၀)ပေ၊ ဧရိယာ (၀.၂၃၈)ဧကရှိ ဂရန်မူရင်း အိမ်ခြံမြေကွက်နှင့်ပတ်သက်၍ အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာချက်"**

အထက်ဖော်ပြပါ လိပ်စာရှိ အိမ်ခြံမြေကွက်သည် ဂရန်မူရင်း ဒေါ်အိအိအောင် [၁၂/ဗတထ(နိုင်)၀၃၃၁၂၈] အမည်ဖြင့် တည်ရှိပြီး ဒေါ်နုနုဝေ [၆/မအရ(နိုင်)၀၈၅၂၂၆] မှ ဆက်စပ်စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင် အကျိုးခံစားလျက် ရောင်းချပိုင်ခွင့်ရှိသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျ ခိုင်လုံသော တရားဝင်စာချုပ်စာတမ်း (မူရင်း)များ နှင့်တကွ ယခု ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဝါဝါလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၈၉)**
**အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၄၅၂၄၂၄၈၂၂**

---

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သိဒ္ဓိရိပ်သာလမ်းသွယ်(၂)၊ အမှတ်-၂၆ ဟုခေါ်တွင်သော အိမ်နှင့်မြေမှာ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါက်တာတင်တင်ဝေနှင့် ဦးတေဇထိုက်၏ ဖခင် ဦးကျော်ကျော်ဟိုးတို့၏ မိဘများဖြစ်ကြသော ဦးတင်လှ၊ ဒေါ်ညွှန့်ညွှန့်တို့ပိုင်သော အိမ်နှင့်မြေဖြစ်ပါသည်။ ဖခင် ဦးတင်လှနှင့် မိခင်ဒေါ်ညွှန့်ညွှန့်၊ သား ဦးကျော်ကျော်ဟိုးတို့မှာ ကွယ်လွန်သွားကြပြီးဖြစ်၍ အထက်ပါ အိမ်နှင့်မြေသည် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါက်တာတင်တင်ဝေနှင့် တူဖြစ်သူ ဦးတေဇထိုက်တို့(၂)ဦးအမွေဆိုင် ပစ္စည်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေနှင့် ဦးတေဇထိုက်တို့သည် အမွေခွဲဝေရခြင်းမရှိသေးပါသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါက်တာတင်တင်ဝေ၏သဘောတူညီချက်မရှိဘဲ အထက်ပါ အမွေဆိုင်အိမ်နှင့်မြေကို ဦးတေဇထိုက် တစ်ဦးတည်းအနေဖြင့် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ တစ်စုံတစ်ရာ ဆောင်ရွက် ပိုင်ခွင့်မရှိပါ။ ရောင်းမှားဝယ်မှားမဖြစ်စေရန်အတွက် ဦးတေဇထိုက်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါက်တာတင်တင်ဝေ၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်သီရိတင် B.A(Law),LL.B,D.B.L** | **ဒေါ်သိန်းသိန်း B.A(Law),LL.B,D.B.L** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၂၁၁၅/၁၉၈၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၉၉/၂၀၁၁)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ ၃၅လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉- ၅၁၆၅၁၂၇၊ ၀၉- ၅၀၇၄၆၇၃**

